ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
All Arakan Students' & Youths' Congress
P.O.Box-178, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# နှစ်(၂၀)မြောက် ရှစ်လေးလုံး အရေးတော်ပုံ နှင့်ပတ်သတ်၍ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)မှ သဘောထားထုတ်ပြန် ကြေငြာချက်

နေ့စွဲ – ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၈)ရက်
စာအမှတ် – ရကလစ/ဗဟို/ထုတ်ပြန်/၀၄/၀၈

၁၉၈၈ အရေးတော်ပုံတွင် ကျဆုံးခဲ့သော ရဟန်းရှင်လူ၊ ကျောင်းသားနှင့် ပြည်သူတို့အား ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)မှ လေးစားစွာ ဦးညွှတ်ဂုဏ်ပြုလိုက်သည်။

ယနေ့သည် ဗမာပြည်သမိုင်းတလျှောက်တွင် ဗမာပြည်သူ၊ ပြည်သားတို့၏ရင်၌ မေ့ဖျောက်၍မရနိုင်သော နေ့ရက်တစ်ရက်ဖြစ်ပေသည်။ အကြောင်းမှာ ဗမာလူမျိုးကြီးဝါဒနှင့် တစ်ပါတီအာဏာရှင်စနစ်ကိုကျင့်သုံးသော "မဆလ" အစိုးရက ဒီမိုကရေစီနှင့် လူအခွင့်အရေးအတွက် ငြိမ်းချမ်းစွာဖြင့် ဆန္ဒပြတောင်းဆိုနေသော ပြည်သူလူထုကို ၎င်းတို့၏အာဏာ ဆက်လက်တည်မြဲရေးအတွက် လက်နက်အားကိုးဖြင့် လူမဆန်ရက်စက်စွာ နှိမ်နင်းဖြိုခွင်းခဲ့ရာ ရဟန်းရှင်လူကျောင်းသားပြည်သူတို့၏သွေးများမှာ ဗမာပြည်အနှံ့ ရဲရဲတောက်"နီ"စေခဲ့သည်။ အာဇာနည်တို့၏ အသက်ထောင်ပေါင်းများစွာကိုလည်း ပေးဆပ်ခဲ့ရသည်။

ဤသို့ ဗမာပြည်သူလူထုတရပ်လုံး၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက်တိုက်ပွဲမှာ ပြင်းထန်လှသဖြင့် တစ်ပါတီအာဏာရှင်စနစ်ကို ဖျက်သိမ်းပေးခဲ့ရသော်လည်း ၎င်းတို့၏အမွေကိုဆက်ခံသောလူတစုမှ "နဝတ၊ နအဖ" အမည်ခံကာ အာဏာကိုဆက်လက် သိမ်းပိုက်ခဲ့ပေသည်။ သို့သော် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ၏ အရှိန်အဝါကြောင့် လည်းကောင်း၊ ရွေးကောက်ပွဲပြုလုပ်လျှင် ၎င်းတို့အနိုင်ရလိမ့်မည်ဟုတွက်ဆ၍လည်းကောင်း အာဏာသိမ်းခေါင်းဆောင်များသည် နိုင်ငံရေးအရ ပြည်သူတို့အကြားအဆုံးအဖြတ်ပေးမည့် ရွေးကောက်ပွဲတရပ်ကို ၁၉၉၀ ခုနှစ်တွင်ကျင်းပပေးခဲ့သည်။ တစ်ပါတီအာဏာရှင်စနစ်ကို ရွံ့ရှာမုန်းတီးနေပြီဖြစ်သော ပြည်သူလူထုမှ ဒီမိုကရေစီအင်အားစုအဖွဲ့အစည်းများအား မဲပေးခဲ့ရာ အာဏာရှင်တို့ဘက်မှ ရှုံးနိမ့်ခဲ့ရလေသည်။

သို့သော် ရွေးကောက်ပွဲမစတင်မီ အာဏာသိမ်းခေါင်းဆောင်တို့သည် သူတို့ပေးခဲ့ သောကတိကဝတ်များကိုမတည်ဘဲ နိုင်ငံတော်၏အာဏာကို မလိမ့်တပတ်လုပ်၍ "နဝတ၊ နအဖ"အမည်ခံလျှက် ဆက်လက်ထိမ်းသိမ်းခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ထို့အပြင် ရွေးကောက်ပွဲတွင်အနိုင်ရခဲ့သော လွှတ်တော်ကိုယ်စားလှယ်များအား ဖမ်းဆီးကာနှစ်ရှည်ထောင်ဒဏ်များချမှတ်ခြင်းနှင့် ဗမာပြည်သူလူထုတရပ်လုံးအား နိုင်ငံရေးအရနိုးကြားတက်ကြွမှုမရှိအောင် နည်းမျိုးစုံဖြင့် နှိပ်ကွပ်ခဲ့သည့်အပြင် ၁၉၉၀ ရွေးကောက်ပွဲရလဒ်အား မေ့မှိန်ပျောက်ကွယ်သွားအောင် စနစ်တကျဖန်တီးလုပ်ဆောင်ခဲ့ပေသည်။ အခြားတဖက်တွင်လည်း ၁၉၉၀ ရလဒ်ကို အယောင်ပြလျှက် ၁၉၉၃ ခုနှစ်တွင် အတုအယောင်ညီလာခံတစ်ရပ်ကိုခေါ်ယူကျင်းခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ၎င်းတို့အလိုကျ ရေးဆွဲထားသောဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တရားမျှတမှုလုံးဝမရှိသော ဆန္ဒခံယူပွဲ ကျင်းပလျှက် အတင်းအဓမ္မ အတည်ပြုခဲ့ပြန်သည်။ ဤသို့ဖြင့် နောက်လာမည့် ၂၀၁၀ ခုနှစ်တွင်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့်အညီအစိုးရဖွဲ့စည်းရေးအတွက် ၂/၂၀၀၈ အရ ရွေးကောက်ပွဲပြုလုပ်ရန် ပြင်ဆင်နေပြီဖြစ်သည်။ ဤသည်မှာ ၁၉၉၀ ရလဒ်နှင့် ပြည်သူလူထုတရပ်လုံး၏သဘောထား၊ ဆန္ဒမှန်ကို မသိကျိုးကျွံပြု၊ စော်ကားခြင်းပင်ဖြစ်သည်။

ယနေ့ "နအဖ" စစ်အာဏာရှင်တို့ရေးဆွဲထားသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပြည်သူတို့ မျှော်မှန်းထားသော ဒီမိုကရေစီ နိုင်ငံတော်သစ်တရပ် ဖြစ်လာနိုင်မည်မဟုတ်ပေ။ စစ်အစိုးရတို့မှ ၎င်းတို့အာဏာဆက်လက်တည်မြဲရေးအတွက် ပြည်သူလူထုတရပ်လုံးအား စစ်ကျွန်၊ စစ်ဖိနှပ်အောက်သွပ်သွင်းရေးပင်ဖြစ်သဖြင့် ယနေ့ "နအဖ" စစ်အာဏာရှင်တို့၏ ယန္တရားများကို ပြည်သူလူထုတရပ်လုံး ပါဝင်ပူးပေါင်းကာ ညီညွတ်စွာဖြင့် စနစ်တကျ ပြင်းထန်စွာတိုက်ဖျက်ရန် လိုအပ်ပေသည်။ သို့ဖြစ်၍ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များ အစည်းအရုံး **(AASYC)**မှ ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံနှစ် (၂၀)ပြည့်မြောက်သည့် ဤနေ့ရက်၌ အောက်ပါအတိုင်း သဘောထား ထုတ်ပြန် ကြေငြာလိုက်သည်။

၁) ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုသည်။
၂) "နအဖ"စစ်အာဏာရှင်တို့၏ လမ်းပြမြေပုံ အဆင့်တိုင်းကို ဘုံဦးတည်ချက်တူ မဟာမိတ်များနှင့် လက်တွဲ၍ ပြင်းပြင်းထန်ထန် ဆန့်ကျင်တိုက်ဖျက်သွားမည်။
၃) ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားအားလုံးတန်းတူရေးနှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးနိုင်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရရှိရေးတို့အတွက် ရဟန်းရှင်လူ၊ ကျောင်းသား ပြည်သူလူထုတရပ်လုံးနှင့်အတူ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး
ဗဟိုဌာနချုပ်
ထိုင်း–မြန်မာနယ်စပ်။


**ဆက်သွယ်ရန်**
ရဲဘော် ထွန်းဇော်
တွဲဖက် အတွင်းရေးမှူး (၁)
ထိုင်းဒေသ
၀၈– ၁၆၈၀– ၈၉၃၄

ရဲဘော်ကျော်မြင့်
တွဲဖက်အတွင်းရေးမှူး (၂)
ဘင်္ဂလားဒေ့ရှ်ဒေသ
၈၈–၀၁၈၁–၇၀၇၈–၁၃၃, ၀၁–၇၄၅၀–၉၄၆၄၆